**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ကုသရေးဦးစီးဌာန**

စာအမှတ်၊ စီမံကိန်း/လမ-Website/၂၀၁၉/ ၂၃၀

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ်လ( ၁၄ )ရက်

သို့

------------------------------

------------------------------

အကြောင်းအရာ။ **ပညာသင်ဆု လျှောက်ထားနိုင်ကြောင်း အကြောင်းကြားခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ (၁၃-၃-၂၀၁၉) ရက်စွဲပါ စာအမှတ်- ၁(က)(၃)၂၀၁၉(၅၀၉၅)ကလရ

အထက်ပါကိစ္စနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ပညာသင်ရန်ပုံငွေ စီမံခန့်ခွဲရေးကော်မတီ China Scholarship Council-CSC မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ပညာသင်ဆုသို့ အရည်အချင်းပြည့်မီသူ ဝန်ထမ်းများ ယှဉ်ပြိုင်လျှောက်ထားနိုင်ပါကြောင်း ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသဖြင့် လျှောက်ထားလိုသူများသည် သက်ဆိုင်ရာ Website နှင့်ဆက်သွယ်၍ လျှောက်လွှာများကို (၁၅-၄-၂၀၁၉)ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပါကြောင်းနှင့် လျှောက်ထားသူများ၏ အမည်စာရင်းအား ညွှန်ကြားရေးမှူး (စီမံကိန်း)၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ (၁၁-၄-၂၀၁၉)ရက်နေ့ နောက်ဆုံးထားပေးပို့ပါရန် အကြောင်းကြားပါသည်။ ပူးတွဲ(၈)ရွက်

**China Scholarship Council (CSC) 2019-2020 ပညာသင်နှစ်**

ဘွဲ့လွန်သင်တန်းသား၊ ပါရဂူသင်တန်းသားနှင့် ရိုးရိုးသင်တန်းသားများ

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာဝင်းရည်မွန်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို-

- မျှောစာတွဲ/ ရုံးလက်ခံ

**<u>အရည်အချင်းသတ်မှတ်ချက်များ</u>**

(၁) မိဘနှစ်ဦးစလုံးအပြင် ဇနီး/ခင်ပွန်းအားလုံးနိုင်ငံသားဖြစ်ရပါမည်။ (ဧည့်နိုင်ငံသားနှင့် ပြုနိုင်ငံသားများကိုလည်းလျှောက်ထားခွင့်ပြုသည်။)

(၂) လျှောက်ထားသူသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အနည်းဆုံးအမှန်တကယ်အမှုထမ်းသက်(၂)နှစ်ရှိသူဖြစ်ရပါမည်။

(၃) အသက်ကန့်သတ်ချက်မှာ ပညာသင်ဆုကမ်းလှမ်းသည့်အဖွဲ့အစည်း၏ သတ်မှတ်ချက်အတိုင်းဖြစ်ပြီး၊ သတ်မှတ်ချက်မရှိပါက မဟာသိပ္ပံဘွဲ့သင်တန်းအတွက် အသက်(၅၀)နှစ်အောက်ရှိသူဖြစ်ပြီး၊ ပါရဂူဘွဲ့သင်တန်းအတွက် အသက်(၄၅)နှစ်အောက်ရှိသူဖြစ်ရပါမည်။

(၄) နိုင်ငံခြားတွင် (၆)လနှင့်အထက် သင်တန်းတက်ရောက်ခဲ့သူဖြစ်ပါက မြန်မာနိုင်ငံသို့ပြန်ရောက်ပြီး အနည်းဆုံး(၃)လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရပါမည်။

(၅) သင်တန်းမှပြန်လည်ရောက်ရှိပါက Master သင်တန်းအတွက် နိုင်ငံဝန်ထမ်းအဖြစ် (၄)နှစ်နှင့် Ph.D သင်တန်းအတွက် နိုင်ငံဝန်ထမ်းအဖြစ် (၇)နှစ် ပြန်လည်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရပါမည်။

**(မှတ်ချက်။ ။လျှောက်ထားသူများစာရင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ တင်ပြနိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ကြိုတင်ပေးပို့နိုင်ပါရန်နှင့် Acceptance Letter ရရှိပြီးမှ တင်ပြလာပါက ဆက်လက်ဆောင်ရွက်ပေးမည်မဟုတ်ပါ။)**

ဝန်ကြီးရုံး
ဝင်စာအမှတ် ၊ ၃၃၈၂
ရက်စွဲ/အချိန် ၊ 4-2-19 11:30
မှတ်ပုံတင်သူ ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

၀၃၃၈
၅-၂-၂၀၁၉
၁၀:၄၅

စာအမှတ်၊ ၄၉ ၅၃ - ၂ /၂၀၁၉ ( ၂၃၇ )
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

သို့

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ China Scholarship Council – CSC မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ပညာတော်သင်များ ခေါ်ယူခြင်းနှင့်ပတ်သက်၍ အကြောင်းကြားလာခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ပညာတော်သင် ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ China Scholarship Council – CSC မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံမှ ပညာတော်သင်များလျှောက်ထားနိုင်ပါကြောင်း၊ ပညာတော်သင်ရွေးချယ်လက်ခံခြင်းအတွက် မြန်မာနိုင်ငံဘက်မှ အဆိုပြုရန်ရှိပါက ၁၅-၄-၂၀၁၉ ရက်နေ့မတိုင်မီ ဆောင်ရွက်ပေးစေလိုကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တရုတ်အစိုးရ၏ ရာနှုန်းပြည့် ပညာတော်သင်ဦးရေ (၄၀)ဦးခန့် လက်ခံမည်ဖြစ်ပါကြောင်း မြန်မာသံရုံး၊ ပေကျင်းမြို့၏ ၃၁-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၀၁၂-၁၈၀/၄၇ ၁၃ ဖြင့် ပေးပို့လာပါသဖြင့် သိရှိနိုင်ပါရန်နှင့် ဆက်လက်ဆောင်ရွက်နိုင်ပါရန် ပေးပို့အပ်ပါသည်။

ဒုတိယဝန်ကြီး(ကိုယ်စား)
( ဇော်နိုင်ဝင်း၊ ညွှန်ကြားရေးမှူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့

No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408

စာအမှတ်၊ ၀၁၂ - ၁၈၀ / ၄၇ ၁၃
ရက်စွဲ၊၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

သို့

ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ **China Scholarship Council – CSC မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ပညာတော်သင်များ ခေါ်ယူခြင်းနှင့် ပတ်သက်၍ အကြောင်းကြားလာခြင်း**

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ပညာတော်သင် ရန်ပုံငွေစီမံခန့်ခွဲရေး ကော်မတီ China Scholarship Council – CSC မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံမှ ပညာတော်သင်များ လျှောက်ထားနိုင်ပါကြောင်း၊ ပညာတော်သင်ရွေးချယ်လက်ခံခြင်းအတွက် မြန်မာနိုင်ငံဘက်မှ အဆိုပြုရန်ရှိပါက ၁၅-၄-၂၀၁၉ ရက်မတိုင်မီ ဆောင်ရွက်ပေးစေလိုကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တရုတ်အစိုးရ၏ ရာနှုန်းပြည့် ပညာတော်သင်ဦးရေ (၄၀) ဦးခန့် လက်ခံမည်ဖြစ်ပါကြောင်းဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ တရုတ်နိုင်ငံ၊ နိုင်ငံတော်ပညာတော်သင် ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ (China Scholarship Council – CSC) မှ ပေးပို့လာသည့် သက်ဆိုင်ရာအချက်အလက်များကို သိသာနိုင်ပါရန် ဤစာနှင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

စုစုပေါင်း ( ၁၂ )ရွက်

သံအမတ်ကြီး(ကိုယ်စား)
(ခိုင်သဇင်နွယ်ထွန်း၊ ဒုတိယအတွင်းဝန်)

အလွတ်သဘောဘာသာပြန်ဆိုချက်

စာအမှတ်၊ Liu Jin Zhao (2019) No.6

ရက်စွဲ၊၂၀၁၉ခုနှစ်၊ဇန်နဝါရီလ ၁၆ ရက်

သို့

တရုတ်နိုင်ငံဆိုင်ရာမြန်မာသံရုံး

ပေကျင်းမြို့

တရုတ်နိုင်ငံ၊ နိုင်ငံတော်ပညာတော်သင်ရန်ပုံငွေစီမံခန့်ခွဲရေးကောင်စီ-China Scholarship Council (CSC)မှ မြန်မာသံရုံးအား နှုတ်ခွန်းဆက်သ၍ (၂၀၁၉-၂၀၂၀)ပညာသင်နှစ်အတွက် မြန်မာနိုင်ငံမှ ပညာတော်သင်များ လက်ခံရေးကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြောင်းကြားအပ်ပါသည်။

၁။တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊နိုင်ငံတော်အစိုးရနှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊နိုင်ငံတော်အစိုးရတို့ အကြား နှစ်ဦးနှစ်ဘက်အပြန်အလှန်ဖလှယ်ရေး သဘောတူစာချုပ်နှင့် တရုတ်နိုင်ငံမှ နှစ်နိုင်ငံပညာရေး ဖလှယ်မှု မြှင့်တင်ရန် ဆောင်ရွက်လိုသည့်ဆန္ဒအရ မြန်မာနိုင်ငံအစိုးရမှ ထူးချွန်သူများကို ရွေးချယ်ပြီး တရုတ်နိုင်ငံသို့ လာရောက်ပညာသင်ကြားရန် (၂၀၁၉-၂၀၂၀)ပညာသင်နှစ်အတွက် တရုတ်နိုင်ငံအစိုးရမှ ပညာသင်ထောက်ပံ့ကြေးများ ဆက်လက်ထုတ်ပေးပါမည်။ ပညာတော်သင် ရွေးချယ်ရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံမှ ပညာတော်သင် ရွေးချယ်စေလွှတ်ရေးဌာနများသို့ ဆက်လက်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ သက်ဆိုင်ရာ အချက်အလက်များကို CSC ၏ Web Site (http://www.csc.edu.cn/studyinchina ၊ (သို့) http://www.campuschina.org ။)တွင် on Line ဖတ်ရှုနိုင်ပါသည်။

၂။ပညာတော်သင် ရွေးချယ်လက်ခံခြင်းကိစ္စရပ်များကို မြန်မာသံရုံးမှ တာဝန်ယူဆောင်ရွက်ပါက အောက်ဖော်ပြပါအလုပ်များကို ကောင်းမွန်စွာ စီစဉ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(၁)၊တင်းကျပ်သေချာစွာ စစ်ဆေးခြင်းဖြင့် ပညာတော်သင် ကျောင်းသူကျောင်းသား၏ အရည်အချင်းကို အာမခံပေးပါရန်။

လူကြီးမင်းသံရုံးအနေနှင့် လူကြီးမင်းနိုင်ငံ၏အခြေအနေအပေါ် မူတည်ကာ အကျိုးဝင်သောလုပ်ထုံးလုပ်နည်းဖြင့် အရွေးခံပုဂ္ဂိုလ်များကို စစ်ဆေးရွေးချယနိုင်ပါသည်၊ Extremism နှင့် Errorism ကို လိုက်နာကျင့်သုံးသော အရွေးခံများကို မိတ်ဆက်ပေးခြင်း မပြုပါ။ စစ်ဆေးရွေးချယ်ခြင်းအစီအစဉ်ကို ပိုမို စံနစ်တကျရှိစေရန် ဆောင်ရွက်ပါမည်၊ အခြေအနေအလိုက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းကို ကျင်းပနိုင်ပါသည်။ လျှောက်ထားသူ၏စာသင်လေ့လာခြင်းသဘောထား၊ပညာအဆင့်အတန်းနောက်ခံအကြောင်း၊ စာသင်လေ့လာခြင်းအောင်မြင်မှုအမှတ်၊ ဘာသာစကားအဆင့်အတန်း စသည်များကို ပိုမိုစုံစမ်းစစ်ဆေးရန် ဆောင်ရွက်နိုင်ပါသည်။ အခြေအနေရပါက လျှောက်ထားသူ၏ ဘာသာစကားအဆင့်အတန်းကို အသေးစိတ် သတ်မှတ်ထားနိုင်ပါသည်။ ဘာသာရပ်အခြေအနေကောင်းမွန်သော၊ ဘာသာစကားအဆင့်အတန်း မြင့်မားကျွမ်းကျင်သော လျှောက်ထားသူများကို ရွေးချယ်မိတ်ဆက်ပေးရန် အကြံပေးဖော်ပြအပ်ပါသည်။

(၂)၊လျှောက်ထားသူများ ဘာသာရပ်ကို မှန်ကန်စွာ ရွေးချယ်ရန်အတွက် လမ်းညွှန်ပေးပါရန်။

စီးပွါးရေးနှင့်စီမံခန့်ခွဲရေးဘွဲ့သင်တန်းဟူသော ဘာသာရပ်များကို သင်ကြားလေ့လာရန် လျှောက်ထားလိုပါက သင့်လျှော်သော သင်္ချာဘာသာ အခြေခံပညာများနှင့် ပြည့်စုံရပါသည်။ ရူပဗေဒနှင့်အင်ဂျင်နီယာဘာသာရပ်ကို သင်ကြားလေ့လာရန် လျှောက်ထား လိုပါက သင့်လျှော်သော သင်္ချာဘာသာ၊ ရူပဗေဒနှင့်ဓါတုဗေဒဘာသာ အခြေခံပညာများနှင့် ပြည့်စုံရပါသည်။ ဆေးပညာဘာသာရပ်ကို သင်ကြားလေ့လာ

ရန် လျှောက်ထား လိုပါက သင့်လျော်သော သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒနှင့်ဇီဝဗေဒဘာသာများ အခြေခံပညာများနှင့် ပြည့်စုံရပါသည်။ မဟာဘွဲ့အဆင့် ဘာသာရပ်ကို သင်ကြားလေ့လာလိုသော ပညာတော်သင်များနေဖြင့် သင့်လျော်သော ဘာသာရပ် သင်ကြားလေ့လာရေးနောက်ခံအခြေအနေများ ရှိရပါသည်။

(၃)၊ပညာသင်လျှောက်ထားသူများသည် လျှောက်လွှာအချက်အလက်များကို တင်ပြခြင်းမပြုမီ ပညာတော်သင်ထောက်ပံ့ကြေးဖြင့် ပညာသင်ကြားလေ့လာမည့် တက္ကသိုလ်သို့ မိမိအစီအစဉ်ဖြင့် ကြိုတင်ဆက်သွယ်လျှောက်ထားရမည့်အပြင် အဆိုပါတက္ကသိုလ်မှ ထုတ်ပေးသော ကြိုတင်လျာထားလက်ခံခြင်းအကြောင်းကြားစာကို လျှောက်လွှာနှင့် ပူးတွဲတင်ပြရပါမည်။ လျှောက်လွှာတင်ထားပေးပို့သောနောက်ဆုံးရက်နေ့အထိ အဆိုပါ ကြိုတင်လျာထားလက်ခံခြင်း အကြောင်းကြားစာကို တင်ပြထုတ်ပေးခြင်း မပြုနိုင်ပါက ၎င်းလျှောက်ထားလိုသော တက္ကသိုလ်ကျောင်းမှ ရွေးချယ်လက်ခံနိုင်ခြင်းကို အာမခံပေးနိုင်သည် မဟုတ်ပါ။

(၄)၊လျှောက်ထားသူတင်ပြလာသော လျှောက်လွှာအချက်အလက်များကို သေချာစွာ စစ်ဆေးရန် မေတ္တာရပ်ခံအပ်ပါသည်။ တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ လျှောက်လွှာအချက်အလက်များ မှလွဲ၍ အခြားဘာသာမျိုးလျှောက်လွှာအချက်အလက်များ ဖြစ်ပါက၊ လျှောက်ထားသူသည် အင်္ဂလိပ်ဘာသာ လျှောက်လွှာ အချက်အလက်များ အတူတူတင်ပြပေးရန် သတ်မှတ်ထားရပါသည်။ ထို့အပြင် ရွေးခံသူ၏ ပညာရေးအဆင့်အတန်းနှင့် လျှောက်ထားနိုင်သော စာသင်လေ့လာခြင်း အမျိုးအစားကို စစ်ဆေးအတည်ပြု ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၅)၊၂၀၁၉ခုနှစ်၊ ဇူလိုင်လတွင် ပညာသင်ပြီးစီးမည့် နိုင်ငံခြားပညာတော်သင်များအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လေ့လာမှု မပြီးစီးနိုင်ဘဲ တရုတ်အစိုးရ ပညာသင်ထောက်ပံ့ကြေးဆုငွေဖြင့် ဆက်လက်၍ လေ့လာသင်ကြားရန် လိုအပ်ပါက၊ လက်ရှိစာသင်လေ့လာနေသော တက္ကသိုလ်ကျောင်းမှ ထုတ်ပေးသော စာသင်ကာလသက်တမ်း တိုးမြှင့်ရန် သဘောတူခွင့်ပြုချက် ထောက်ခံစာကို ကြိုတင်၍ ရရှိလိုသည့်အပြင် လူကြီးမင်းနိုင်ငံမှ ပညာတော်သင်စေလွှတ်သည့်ဌာနမှ ၎င်းတို့၏အမည်စာရင်းကို ပညာတော်သင် အသစ်တစ်ဦး အဖြစ် (၂၀၁၉-၂၀၂၀)ပညာသင်နှစ်တွင် မိမိနိုင်ငံမှ စေလွှတ်မည့်ပညာတော်သင်များ အမည် စာရင်းတွင် တစ်ဦးအဖြစ် ထည့်သွင်းဖော်ပြရပါသည်(ဤအမျိုးအစားပညာတော်သင်များသည် System တွင် လျှောက်လွှာများ on Line တင်ထားရန် မလိုပါ။) ။

(၆)၊(၂၀၁၈/ ၂၀၁၉)ပညာသင်နှစ်မှ စတင်၍ တရုတ်နိုင်ငံတော်အစိုးရ ပညာသင်ထောက်ပံ့ကြေးဆုငွေ နိုင်ငံခြားပညာတော်သင် ရွေးချယ်လက်ခံခြင်းအလုပ် အားလုံးကို "တရုတ်နိုင်ငံတော်အစိုးရပညာသင်ထောက်ပံ့ ကြေးဆုငွေဖြင့်တရုတ်နိုင်ငံသို့ သွားရောက်စာသင်လေ့လာရန် စီမံခန့်ခွဲရေးအချက်အလက် System (အတိုကောက်- System) " မှတစ်ဆင့် ဆောင်ရွက်ရပါသည်။ System တွင် on Line တင်ပြထားသော လျှောက်လွှာတွင် ပါရှိသောလျှောက်ထားခြင်း အချက်အလက်နှင့် စာရွက်စာတမ်းများသည် လျှောက်ထားလိုသောတက္ကသိုလ်ကျောင်းများ ရွေးချယ်လက်ခံရန် တစ်ခုထည်းသော အကိုးအကားအချက်အလက်များ ဖြစ်ပါသည်။ လက်ခံသည့်ဌာန၏ အမှတ်စဉ်နံပါတ်၊ "တရုတ်နိုင်ငံတော်အစိုးရပညာသင်ထောက်ပံ့ကြေးဆုငွေဖြင့် တရုတ်နိုင်ငံသို့ သွားရောက်စာသင်လေ့လာရန် စီမံခန့်ခွဲရေးအချက်အလက် System အသုံးပြုခြင်းရှင်းပြချက်" (နောက်ဆက်တွဲ(၂))နှင့် " တရုတ်နိုင်ငံတော်အစိုးရပညာသင် ထောက်ပံ့ကြေးဆုငွေ လျှောက်ထားခြင်းအချက်အလက်စာရင်း"(နောက်ဆက်တွဲ(၃))ကို အရွေးခံပညာတော်သင်များထံ ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(ဂ)၊(၁၅-၀၄-၂၀၁၉)ရက် မတိုင်မီ လူကြီးမင်းသံရုံး(သို့)လူကြီးမင်းနိုင်ငံ ပညာတော်သင်စေလွှတ်သည့် ဌာနမှ ထုတ်ပေးသော တရားဝင် အမှာစာ၊ လျှောက်ထားသူအမည်စာရင်းကို CSC ထံသို့ ပေးပို့ရပါသည်။ ဤပညာတော်သင်အမည်စာရင်းတွင် Serial Number ၊ ပညာတော်သင်အမည်၊ ကျား/မ၊ လက်ရှိအမြင့်ဆုံးပညာ အရည်အချင်း၊ ပညာတော်သင်အမျိုးအစား၊ အဓိကဘာသာရပ်၊ ပညာသင်ကာလသက်တမ်း၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အသေးစိတ် အချက်အလက်များ ပါရှိရပါသည်။ အရန်ပညာသင်များကို ထည့်သွင်းခြင်း မရှိပါက ရွေးချယ်လက်ခံခြင်းအလုပ် ပြီးစီးပါက ရွေးချယ်ခံရသူပညာ တော်သင်၏ အကြောင်းရင်းကြောင့် ခံစားခွင့်ဦးရေမပြည့်ပါက အဆိုပါဦးရေကို ဆက်လက်၍ ထိန်းသိမ်းဖြည့်စွက်ပေးမည် မဟုတ်ပါ။

၃။ **CSC အနေဖြင့် အထက်ဖော်ပြပါလျှောက်လွှာများ လက်ခံရရှိခဲ့ပါက တက္ကသိုလ်များ၏ရွေးချယ်လက်ခံခြင်းအလုပ်ကို တတ်နိုင်သမျှ လျှင်မြန်စွာ စီစဉ်ဆောင်ရွက်ပေးပါမည်။ (၂၀၁၉)ခုနှစ် ဇူလိုင်လကုန်ပိုင်း နောက်ဆုံးထားပြီး ရွေးချယ်မှုအခြေအနေကို သံရုံးသို့ အကြောင်းပြန်ကြားပေးပါမည်။**

၄။ပညာတော်သင် ရွေးချယ်လက်ခံခြင်းကိစ္စရပ်များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှတာဝန်ယူဆောင်ရွက်ပါက-

"(၂၀၁၉-၂၀၂၀)ပညာသင်နှစ် မြန်မာပညာတော်သင်ရွေးချယ်လက်ခံခြင်းစီမံကိန်းပုံစံဇယား" နှင့် သက်ဆိုင်ရာအချက်အလက်များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး မှတစ်ဆင့် မြန်မာနိုင်ငံ သက်ဆိုင်ရာဌာနသို့ တိုက်ရိုက်ပေးပို့ပေးပါရန် တာဝန်လွှဲအပ်ခဲ့ပါသည်။ မြန်မာပညာတော်သင် လျှောက်လွှာပုံစံများကိုလည်း တရုတ်နိုင်ငံသံရုံး မှတစ်ဆင့် CSC သို့ တိုက်ရိုက်ပေးပို့ပေးပါမည်။ မြန်မာနိုင်ငံပညာတော်သင်ရွေးချယ်လက်ခံခြင်းကိစ္စရပ်များကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တရုတ်အစိုးရမှ မြန်မာပညာတော်သင်ရွေးချယ်လက်ခံခြင်း အကြောင်းအရာများကို မြန်မာသံရုံးမှတစ်ဆင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တရုတ်အစိုးရ၏ပညာသင်ထောက်ပံ့ကြေးဖြင့် နိုင်ငံခြားပညာတော်သင်များလျှောက်ထားခြင်း၊ လက်ခံခြင်းနှင့် ၄င်းပညာတော်သင်များ တရုတ်နိုင်ငံတွင် စားဝတ်နေရေး၊ စီမံခန့်ခွဲရေး စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာသံရုံးအနေဖြင့် China Scholarship Council (CSC)နှင့် တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

အခွင့်အခါသင့်ခိုက်လေးစားစွာဖြင့်နှုတ်ဆက်အပ်ပါသည်။

နိုင်ငံတော်ပညာတော်သင်ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ၊
တရုတ်ပြည်သူ့သမ္မတနိုင်ငံ။
(တံဆိပ်)

E:\陈E盘\陈悦的文件夹\国家留学基金委.doc

နောက်ဆက်တွဲ-

-(၁)၊၂၀၁၉/၂၀၂၀ ပညာသင်နှစ် တရုတ်နိုင်ငံတော်အစိုးရ ပညာသင်ထောက်ပံ့ကြေးဆုငွေနိုင်ငံခြား ပညာတော်သင်လက်ခံခြင်းစီမံကိန်းပုံစံဇယား။

-(၂)၊တရုတ်နိုင်ငံသို့လာရောက်ပညာသင်ကြားမည့်နိုင်ငံခြားပညာတော်သင် Internet Web Site မှတစ်ဆင့် အမည်စာရင်းတင်သွင်းခြင်း System"အသုံးပြုခြင်းရှင်းပြချက်များ။ (ပညာတော်သင်ရွေးချယ်ခြင်း တာဝန်ယူဆောင်ရွက်မည့် တရုတ်နိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ ကိုသာ ပေးပို့သည်)။

-(၃)၊"Chinese Government Scholarship Application"။

E:\原 E 盘\陈锐的文件夹\国家留学基金委.doc

နောက်ဆက်တွဲ-

## (၂၀၁၉-၂၀၂၀)ပညာသင်နှစ်လက်ခံမည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပညာတော်သင်စီမံကိန်းပုံစံဇယား

၁။နိုင်ငံအလိုက်လက်ခံမည့်ပညာတော်သင်လျာဦးရေ-

(၁)၊(၂၀၁၉/ ၂၀၂၀)ပညာသင်နှစ်လက်ခံမည့်ပညာတော်သင်များ-

တရုတ်အစိုးရပညာသင်ထောက်ပံ့ကြေးဆုငွေ(ရာနှုန်းပြည့်)ပညာတော်သင်စုစုပေါင်း(၄၀)ဦး။

(၂)၊လက်ခံမည့်ကျောင်းသူကျောင်းသားအမျိုးအစား-

ဘွဲ့လွန်သင်တန်းသား၊ ပါရဂူသင်တန်းသားနှင့် ရိုးရိုးသင်တန်းသားများ။

၂။နိုင်ငံတကာခရီးစရိတ်-

ပညာဆည်းပူးလေ့လာရန် တရုတ်နိုင်ငံသို့ လာရောက်ရန်အတွက် နှင့် ပညာသင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွါရန်အတွက် လေယာဉ်လက်မှတ်များကိုသာ တရုတ်နိုင်ငံမှ စီစဉ်ထုတ်ပေးပါမည်။

၃။အသေးစိတ်သတ်မှတ်ချက်များ-

(၁)၊ပညာတော်သင်လက်ခံခြင်းကိစ္စကို မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးမှ တာဝန်ယူဆောင်ရွက်ရပါမည်။

(၂)၊ မြန်မာနိုင်ငံ ပညာတော်သင် စေလွှတ်သည့်ဌာနမှ လျှောက်လွှာအချက်အလက်များကို အချိန်မီ ပေးပို့ပေးပါရန် သံရုံးမှတစ်ဆင့် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တရုတ်နိုင်ငံ နိုင်ငံတော်ပညာတော်သင် ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ(CSC)သည် ဤစာကို ထုတ်ပေးသည့်ရက်နေ့အစပြု၍ (၁၅-၄-၂၀၁၉)ရက်အထိ အဆိုပါပညာတော်သင် လျှောက်ထားခြင်းကိစ္စရပ်များကို အချိန်မရွေး လက်ခံဆောင်ရွက်ပေးပါမည်။

E:\原 E 盘\陈悦的文件夹\国家留学基金委.doc